# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
# (အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေများ)
# အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅)
# ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်
# (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၇၂ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘော တူညီချက် ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ တွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ဥပဒေဆိုသည်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဆိုသည်။

(ခ) အစိုးရအဖွဲ့ ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူ ဆိုသည်မှာ စုံစမ်းစစ်ဆေးခြင်းခံရသူ မဟုတ်ဘဲ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာမှု သို့မဟုတ် အဂတိလိုက်စားမှုဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို သဘောရိုးဖြင့် အဖိုးစားနား သို့မဟုတ် ထိုက်သင့်သော တန်ဖိုးပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူ ထားကြောင်း အဆိုပြုကာ ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(ဃ) ပုံစံဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့် ပုံစံကို ဆိုသည်။

(င) လုပ်ငန်းကော်မတီဆိုသည်မှာ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင် ကော်မရှင်ကို အထောက်အကူပြုရန်နှင့် ကော်မရှင်ကိုယ်စား လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် ကော်မရှင်က ဖွဲ့စည်းပေးသည့် ကော်မတီကို ဆိုသည်။

(စ) လုပ်ငန်းအဖွဲ့ဆိုသည်မှာ ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကော်မရှင်ကို အထောက်အကူပြုရန်နှင့် ကော်မရှင်ကိုယ်စား လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် လုပ်ငန်းကဏ္ဍအလိုက် ကော်မရှင်က ဖွဲ့စည်းပေးသည့် အဖွဲ့ကိုဆိုသည်။

Myanmar Law Information System (MLIS)

## အခန်း (၂)
## ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃။ ကော်မရှင်သည်-

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များကို လို အပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ယင်းအဖွဲ့များအား လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း ပြုရမည်။

(ခ) လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များ၏ စိစစ်တင်ပြချက်များ၊ အကြံပြုချက်များအပေါ် အဆုံး အဖြတ်ပေးခြင်း ပြုရမည်။

(ဂ) စစ်ဆေးရေးမှူးချုပ်နှင့် စစ်ဆေးရေးမှူးများ၏ လုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေများနှင့် အညီ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ သတ်မှတ်ပေးရမည်။

(ဃ) အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှု သို့မဟုတ် အဂတိလိုက်စားမှုဖြင့် စုံစမ်းစစ်ဆေးရန် ဆုံးဖြတ်ပါက လိုအပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့များကို ဥပဒေနှင့်အညီ ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးခြင်း၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ကို ဆောင် ရွက်ရန် တာဝန်ပေးအပ်ရမည်။

(င) နည်းဥပဒေခွဲ (ဃ) အရ တာဝန်ပေးအပ်သည့်အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စစ်ဆေးရေး မှူးအား အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှု သို့မဟုတ် အဂတိလိုက်စားမှုဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခွင့်၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်၊ ရှာဖွေခွင့်နှင့် သက်သေခံပစ္စည်းများအဖြစ် သိမ်းဆည်းခွင့်ပြုသည့် အမိန့်ကို ပုံစံ (၁) ဖြင့် ထုတ်ပေးရမည်။

(စ) သက်ဆိုင်ရာဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် အပ်နှံထားသည့် အဂတိလိုက်စားမှုဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း ပြုရန်နှင့် ငွေရေးကြေး ရေးဆိုင်ရာ မှတ်တမ်းများကို စုံစမ်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ လိုအပ် ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းပြုရန် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (ခ) အရ ပုံစံ (၂) ဖြင့် အမိန့်ထုတ်ဆင့်နိုင်သည်။

(ဆ) သက်သေခံပစ္စည်းအဖြစ် ပုံစံ (၃) ဖြင့် သိမ်းဆည်းထားသောပစ္စည်းကို ကတိခံဝန်ချုပ်ဖြင့် ပြန် လည်ပေးအပ်ထားရန် အမိန့်ချမှတ်ပါက ပုံစံ (၄) ဖြင့် ချုပ်ဆိုစေရမည်။ ကတိခံဝန်ချုပ်ကို ဖောက်ဖျက်ပါ က အဆိုပါ ကတိခံဝန်ချုပ်ဖြင့် ပစ္စည်းများ ပြန်လည်ပေးအပ်ထားသည့် အမိန့်ကို ရုပ်သိမ်းနိုင်သည်။

(ဇ) အဂတိလိုက်စားမှုဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ဥပဒေအရ စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်းမပြုရန်

Myanmar Law Information System (MLIS)

သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (ဂ) အရ တားမြစ်မိန့်ကို ပုံစံ (၅) ဖြင့် ထုတ်ဆင့်နိုင်သည်။ ထို့ပြင် လိုအပ်ပါက မရွှေ့မပြောင်းနိုင် သော ပစ္စည်းကို ချိပ်ပိတ်ထားရန် ညွှန်ကြားနိုင်သည်။

(ဈ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ကော်မရှင်အစည်းအဝေး ဖြင့် ဆုံးဖြတ်ပေးခြင်း၊ ယင်းသို့ ဆုံးဖြတ်ပေးရာ၌ အမှုပိတ်သိမ်းခြင်း၊ ဥပဒေထင်မြင်ချက်ရယူစေခြင်း၊ သက်ဆိုင်ရာဌာနမှ ဆက်လက်အရေးယူရန် အကြောင်းကြားခြင်း၊ တရားစွဲဆိုရန် အကြောင်းကြားခြင်း၊ တရားစွဲဆို ခွင့်ပြုမိန့်ကိစ္စဆောင်ရွက်ခြင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးပေါ်ပေါက်ချက်အရ ပဏာ မစိစစ်ရေးအဖွဲ့ဖြင့် စိစစ်ရန် လိုအပ်သည့် ကိစ္စများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေခြင်းများ ပြုလုပ်နိုင် သည်။

(ည) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရ-

(၁) သက်သေခံအထောက်အထားများကို ထပ်မံစုံစမ်းစစ်ဆေးရန် လိုအပ်ပါက စုံစမ်းစစ်ဆေးပြီး တင်ပြစေရန် မူလစုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖြစ်စေ၊ အခြားစုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖြစ်စေ တာဝန်ပေး အပ်နိုင်သည်။

(၂) အဂတိလိုက်စားမှုကျူးလွန်ခြင်းမရှိကြောင်း အထင်အရှားတွေ့ရှိလျှင် စုံစမ်းစစ်ဆေးသည့် အမှုကို ပိတ်သိမ်းရမည်။ ထို့ပြင် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်းခံရသူအား ပုံစံ (၆) ဖြင့် ပြန်လည်ပေးအပ်ရမည်။

(ဋ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ပဏာမစိစစ်ရေးအဖွဲ့တို့၏ တင်ပြချက်အရ သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း သည့် အမိန့်ကိုဖြစ်စေ၊ ပြန်လည်ပေးအပ်သည့် အမိန့်ကိုဖြစ်စေ ချမှတ်နိုင်သည်။ သို့ရာတွင် သက်သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများသည်-

(၁) စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ဆေးပြီးနောက် တရားရုံးသို့ တရားစွဲတင်ထားသည့် အမှုနှင့် သက်ဆိုင်နေပါက ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ချမှတ်ခြင်း မပြုသေးဘဲ ဆိုင်းငံ့ထားပြီး သက်ဆိုင်ရာ တရားရုံး၏ နောက်ဆုံးအတည်ဖြစ်သည့် အမိန့်၊ စီရင်ချက်နှင့် အညီ လိုအပ်သည့် အမိန့်ချမှတ်ရမည်။

(၂) တရားစွဲတင်နိုင်လောက်သည့် အထောက်အထားမရရှိသော်လည်း အဂတိလိုက်စားမှုဖြင့် ကြွယ်ဝ ချမ်းသာလာမှုကြောင့် ရရှိခြင်းမှန်ကန်မှုရှိ/မရှိ ပဏာမစိစစ်ရေးအဖွဲ့က စိစစ်တင်ပြလာပါက လိုအပ်သည့် အမိန့် ချမှတ်ရမည်။

(ဌ) စုံစမ်းစစ်ဆေးခြင်း ခံရသူက အဂတိလိုက်စားမှုကို ကျူးလွန်ပြီးနောက် ထွက်ပြေးတိမ်းရှောင်နေ ကြောင်း၊ စုံစမ်းရှာဖွေမတွေ့နိုင်ကြောင်း၊ ကွယ်လွန်ကြောင်း သို့မဟုတ် ပြည်ပသို့ အပြီးအပိုင်ထွက်ခွာ သွားကြောင်း အထင်အရှားပေါ်ပေါက်ပါက အဂတိလိုက်စားမှုနှင့် သက်ဆိုင်သော ငွေကြေးနှင့် ပစ္စည်း များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ပဏာမစိစစ် ရေးအဖွဲ့တို့၏ တင်ပြချက်အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့် ချမှတ်နိုင်သည်။

(ဍ) သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့် မချမှတ်မီဖြစ်စေ၊ ချမှတ်ပြီး နောက်တွင်ဖြစ်စေ စုံစမ်းစစ်ဆေးခြင်းခံရသူက ပဏာမစိစစ်ရေးအဖွဲ့ စစ်ဆေးကြားနာပြီးနောက် ရက် ပေါင်း (၆၀) အတွင်း

Myanmar Law Information System (MLIS)

ယခင်စုံစမ်းစစ်ဆေးကြားနာစဉ် ၎င်းအနေဖြင့် မည်သို့မျှ တင်ပြနိုင်ခဲ့ခြင်း မရှိသော သက်သေ သို့မဟုတ် စာတမ်းအမှတ်အသားနှင့် အထောက်အထားများကို တင်ပြ၍ ပြန်လည်သုံးသပ်ပေး ရန် လျှောက်ထားလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့အား ထပ်မံစုံစမ်းစစ်ဆေးစေရန် သို့မဟုတ် ပဏာမ စိစစ်ရေးအဖွဲ့အား ထပ်မံ၍ စစ်ဆေးကြားနာစေရန် ညွှန်ကြားနိုင်သည်။

(ဗ) ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နိုင်ငံရေးရာထူးလက်ရှိဖြစ်သူစာရင်းကို အမိန့် ကြော်ငြာစာထုတ်ပြန်၍ ကြေညာရမည်။

(ဏ) လုပ်ပိုင်ခွင့်အာဏာရှိသူ အမျိုးအစား၊ ရာထူး၊ တာဝန်အစရှိသည်တို့ကို သတ်မှတ်ပေးခြင်း၊ ယင်း တို့၏ ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ စာရင်းပြုစုတင်ပြစေခြင်း၊ ယင်းသို့တင်ပြ လာသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှန်ကန်မှု ရှိ/မရှိ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့ဖြင့် စိစစ်စေခြင်း ပြုရ မည်။

(တ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လုပ်ငန်း ကော်မတီ၏ ဥပဒေအကြံဉာဏ်ရယူရန်၊ တရားစွဲဆိုရန် လိုအပ်ပါက သက်ဆိုင်ရာ စီရင်ပိုင်ခွင့် ရှိသည့် တရားရုံးတွင် တရားစွဲဆိုရန်နှင့် ဥပဒေပုဒ်မ ၆၅ နှင့်အညီ တရားစွဲဆိုခွင့်ပြုမိန့်ရယူရန် စုံစမ်းစစ် ဆေးရေးအဖွဲ့နှင့် စစ်ဆေးရေးမှူးတို့ကို တာဝန်ပေးအပ်ရမည်။

၄။ ကော်မရှင်သည် နည်းဥပဒေ ၃၆၊ နည်းဥပဒေခွဲ (ဃ) အရ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့က တင်ပြလာ သည့် ကိစ္စရပ်အပေါ် ဆက်လက်ဆောင်ရွက်ရန် သင့်/မသင့် ဆုံးဖြတ်ရမည်။

၅။ ကော်မရှင်သည်-

(က) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ ကွန်ဗင်းရှင်းဝင် နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(ခ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သင်တန်းများပေးရေး၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရေး နှင့်ပြည်တွင်းပြည်ပ ဗဟုသုတဖလှယ်ရေးတို့အတွက် စီစဉ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်း ပြုရ မည်။

## အခန်း (၃)

## စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ကော်မရှင်သည် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရလည်းကောင်း၊ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ တင်ပြချက်အရလည်းကောင်း စုံစမ်းစစ်ဆေးရန် အကြောင်းပေါ်ပေါက်ပါက ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ခေါင်းဆောင်၍ သင့်လျော်သည့် နိုင်ငံသား (၅) ဦးထက်မနည်း ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ ထိုသို့ဖွဲ့စည်းရာတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များကို ကိစ္စရပ်အလိုက် ဖွဲ့စည်းတာဝန် ပေးအပ်ရမည်။

၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်၏ ခွင့်ပြုမိန့်ရရှိမှသာ စတင်စုံစမ်းစစ်ဆေးခြင်း၊ ဝင်ရောက် ကြည့်ရှုစစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် ပုံစံ (၃) ဖြင့် သိမ်းဆည်းခြင်းတို့ကို ဆောင် ရွက်ရမည်။



Myanmar Law Information System (MLIS)

၈။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် နည်းဥပဒေ ၇ အရ ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုဖြင့် ကြွယ်ဝ ချမ်းသာလာမှု သို့မဟုတ် အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍-

(က) တိုင်ကြားမှုအား အတည်ပြုရန် လိုအပ်သော စုံစမ်းမှုများပြုလုပ်၍ အမှုတွဲ ဖွင့်လှစ်ရမည်။

(ခ) စုံစမ်းစစ်ဆေးရာတွင် စုံစမ်းစစ်ဆေးခြင်းခံရသူအား ကော်မရှင်၏ ခွင့်ပြုမိန့်ကို ပြသ၍ မည်သည့် ကိစ္စအတွက် စုံစမ်းစစ်ဆေးခြင်းဖြစ်ကြောင်း ဦးစွာ ရှင်းပြရမည်။

(ဂ) စုံစမ်းစစ်ဆေးခြင်းခံရသူထံမှဖြစ်စေ၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးထံမှဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများထံမှဖြစ်စေ၊ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှဖြစ်စေ လိုအပ်သော စာရွက် စာတမ်းများနှင့် အခြားအထောက်အထားများကို တောင်းယူ၍ စစ်ဆေးခြင်း ပြုနိုင်သည်။

(ဃ) စုံစမ်းစစ်ဆေးခံရသူကိုဖြစ်စေ၊ အခြားလိုအပ်သည့် ပုဂ္ဂိုလ်များကိုဖြစ်စေ ဆင့်ဆို၍ ထွက်ဆိုချက် များ ရယူနိုင်သည်။

(င) စုံစမ်းစစ်ဆေးခြင်းခံရသူ၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်နှင့် ရှာဖွေသိမ်းဆည်းခွင့်ရှိသည်။

(စ) စိန်၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာ၊ လက်ဝတ်လက်စား၊ ငွေကြေးနှင့် အဖိုးတန်ပစ္စည်းများကို သိမ်း ဆည်းရန်လိုအပ်ပါက ချိပ်ပိတ်၍ သိမ်းဆည်းရမည်။ ယင်းပစ္စည်းများကို ကော်မရှင်က သတ်မှတ်သည့် ဘဏ်တွင် လုံခြုံမှုအတွက် အပ်နှံသည့်စနစ်ဖြင့် အပ်နှံထားရမည်။

(ဆ) ယာဉ်အမျိုးမျိုး၊ စက်အမျိုးမျိုး၊ ယင်းတို့နှင့်သက်ဆိုင်သော ပစ္စည်းများ၊ စာရွက်စာတမ်းများကို သိမ်းဆည်းရန်လိုအပ်ပါက သိမ်းဆည်းရမည်။ စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း သိမ်းဆည်းထား သောပစ္စည်းကို ကတိခံဝန်ချုပ်ဖြင့် ပြန်လည်အပ်နှံထားရန် ကော်မရှင်က ခွင့်ပြုလျှင် လုံလောက်သော အာမခံဖြင့် ကတိခံဝန်ချုပ်ကို ပုံစံ (၄) ဖြင့် ချုပ်ဆို၍ ယင်းပစ္စည်းများကို သိမ်းဆည်းခြင်းခံရသူအား ပြန်လည်အပ်နှံထားရမည်။

(ဇ) ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည့်တိရစ္ဆာန်များကို သိမ်းဆည်းရန် လိုအပ်ပါက သိမ်းဆည်းရမည်။ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း လုံလောက်သောအာမခံဖြင့် ကတိခံဝန်ချုပ်ကို ပုံစံ (၄) ဖြင့် ချုပ် ဆို၍ ထိုတိရစ္ဆာန်များကို သိမ်းဆည်းခြင်းခံရသူအား ပြန်လည်အပ်နှံထားရမည်။

(ဈ) အိမ်ထောင်ပရိဘောဂများ၊ တူရိယာပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ စသည့်ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို သိမ်းဆည်းရန်လိုအပ်ပါက သိမ်းဆည်းပြီး စုံစမ်းစစ်ဆေးနေသောကာလအတွင်း လုံလောက်သောအာမခံဖြင့် ကတိခံဝန်ချုပ်ကို ပုံစံ (၄) ဖြင့် ချုပ်ဆို၍ ထိုပစ္စည်းများကို သိမ်းဆည်းခြင်း ခံရသူအား ပြန်လည်အပ်နှံထားရမည်။

(ည) နည်းဥပဒေခွဲ (ဆ)၊ (ဇ) နှင့် (ဈ) တို့အရ ကတိခံဝန်ချုပ်ဖြင့် ပြန်လည်အပ်နှံမည့် ပစ္စည်းများနှင့် စပ်လျဉ်း၍ ကော်မရှင်၏ တားမြစ်မိန့် ပုံစံ (၅) ရရှိပြီးမှသာ ပစ္စည်းသိမ်းဆည်းခြင်းခံရသူအား ကတိခံ ဝန်ချုပ်ဖြင့် ပြန်လည်အပ်နှံထားရမည်။

(ဋ) နည်းဥပဒေခွဲ (င) မှ (ဈ) ထိတွင်ဖော်ပြထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်အရ ဝင်ရောက်ကြည့်ရှု စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ ငွေကြေးနှင့်ပစ္စည်းများကို သိမ်းဆည်းခြင်းပြုရာ၌ ရှာဖွေသက်သေနှစ်ဦး၏ ရှေ့တွင် ပစ္စည်းသိမ်းဆည်းခြင်းပုံစံ (၃) ဖြင့် သုံးစောင်ပြုလုပ်၍ သိမ်းဆည်းရမည်။ ထိုပုံစံတွင် စုံစမ်းစစ်ဆေးခြင်းခံရသူ

သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်းခံရသူ၊ ရှာဖွေသက်သေများနှင့် စုံစမ်းစစ် ဆေးအဖွဲ့ခေါင်းဆောင်တို့က လက်မှတ်ရေးထိုးရမည်။ ပစ္စည်းသိမ်းဆည်းခြင်းပုံစံ (၃) တစ်စောင်ကို စုံစမ်းစစ်ဆေးခံရသူ သို့မဟုတ် ပစ္စည်းသိမ်းဆည်းခြင်းခံရသူအား ပေးရမည်။

၉။ စစ်ဆေးရေးမှူးသည် မိမိအားတာဝန်ပေးအပ်ထားသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးတွေ့ရှိ ချက်များနှင့် ဆောင်ရွက်ချက်များကို သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင်ထံ နေ့စဉ် တင်ပြ ရမည်။

၁၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် တိုင်ကြားစာ၊ သတင်း၊ အကြောင်းကြားစာများအရ စုံစမ်းစစ် ဆေးခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတရားရုံးသို့ တရားစွဲတင်နိုင်သည်အထိ သို့မဟုတ် ပဏာမစိစစ် ရေးအဖွဲ့မှ စစ်ဆေးအရေးယူနိုင်သည်အထိ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများအားလုံးကို လုပ်ဆောင်၍ ကော်မရှင်သို့ အစီရင်ခံစာ တင်ပြရမည်။

၁၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်မှ တရားစွဲဆိုရန် တာဝန်ပေးအပ်လာပါက စစ်ဆေးရေးမှူး တစ်ဦးဦးအား တရားလိုပြုလုပ်စေ၍ သက်ဆိုင်ရာတရားရုံးသို့ တရားစွဲတင်နိုင်ရေးအတွက် လိုအပ်သော အမှုလိုက်စာတွဲများပြုစု၍ ဆောင်ရွက်ရမည်။

၁၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့က အစီရင်ခံစာတင်ပြပြီးနောက် ကော်မရှင်ကတရားစွဲတင်ရန် ဆုံးဖြတ် လိုက်ပါက စစ်ဆေးရေးမှူးတစ်ဦးဦးသည် တရားစွဲဆိုခွင့်ပြုမိန့်တောင်းခံခြင်း၊ တရားစွဲတင်မည့် အမှု တွဲကို ပြည့်စုံအောင် တည်ဆောက်ခြင်း၊ တရားစွဲ မတင်မီ ဥပဒေအကြံဉာဏ်တောင်းခံခြင်း စသည်တို့ကို စစ်ဆေးရေးမှူးချုပ်မှတစ်ဆင့် ကော်မရှင်သို့ တင်ပြဆောင်ရွက်ရမည်။

၁၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်သေခံအဖြစ် သိမ်းဆည်းထားသည့် ငွေကြေး၊ ပစ္စည်းများနှင့် စပ်လျဉ်း၍ အမှုစုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း အောက်ပါအမိန့်နှင့် ညွှန်ကြားချက်တစ်ရပ်ရပ် ချမှတ်ပေးရန် အကြောင်းပေါ်ပေါက်လာလျှင် သဘောထားမှတ်ချက်ဖြင့် ကော်မရှင်သို့ တင်ပြရမည်-

(က) ခံဝန်ဖြင့် ပြန်လည်ပေးအပ်ရန် စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူ၏ လျှောက်ထားချက်အရ လုံလောက်သော ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်သည့် အမိန့်၊

(ခ) တစ်နည်းနည်းဖြင့် ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်း မပြုရန် တားမြစ်သည့်အမိန့်၊

(ဂ) မြေနှင့် အဆောက်အအုံအား ချိပ်ပိတ်ရန် ညွှန်ကြားချက်။

၁၄။ ကော်မရှင်သည်-

(က) နည်းဥပဒေ ၁၃ အရ တင်ပြချက်ကို စိစစ်ပြီး သင့်လျော်သည့် အမိန့်နှင့်ညွှန်ကြားချက်တစ်ရပ်ရပ် ကို ချမှတ်ရမည်။

(ခ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့်ပြုသည့် ပစ္စည်းသည် တည်ဆဲဥပဒေ တစ်ရပ်ရပ်က ခွင့်မပြု သော အခြားပစ္စည်းများဖြစ်လျှင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ စနစ်တကျ လွှဲအပ်ရန် စုံစမ်း စစ်ဆေးရေးအဖွဲ့အား ညွှန်ကြားရမည်။

Myanmar Law Information System (MLIS)

၁၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးပြီးနောက် စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ကော်မရှင်ဥက္ကဋ္ဌထံ အမှုတွဲနှင့်အတူ တင်ပြရမည်။ ထိုအစီရင်ခံစာတွင် အဂတိလိုက်စားမှုဖြင့် ကြွယ်ဝ ချမ်းသာလာမှု သို့မဟုတ် အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုအပ်သလို ထည့် သွင်းဖော်ပြရမည်-

(က) ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူများ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အဘအမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ၊

(ခ) စုံစမ်းစစ်ဆေးခြင်းခံရသူ၏ ရာထူး၊ လစာ၊ ဝင်ငွေ၊

(ဂ) ကျူးလွန်သော ပြစ်မှုအမျိုးအစားနှင့် အမှုဖြစ်စဉ်အကျဉ်းချုပ်၊

(ဃ) စုံစမ်းစစ်ဆေးခြင်းခံရသူက ပြည်တွင်းပြည်ပရှိ ငွေကြေးနှင့် ပစ္စည်းများကို စတင်ပိုင်ဆိုင်ခဲ့သည့် သို့မဟုတ် အကျိုးခံစားခဲ့သည့် နေ့ရက်။

(င) ငွေကြေးသွင်းခြင်း၊ ထုတ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်ပုံနှင့် ထိုသို့ ပြုလုပ်သည့် နေ့ရက်၊

(စ) ပစ္စည်းအမျိုးအစား၊ ယင်းပစ္စည်းကို ရယူပိုင်ဆိုင်ခဲ့သည့် နည်းလမ်းနှင့် ပိုင်ဆိုင်မှုလွှဲပြောင်းသည့် နေ့ရက်၊

(ဆ) ပစ္စည်းများ၏ ခန့်မှန်းခြေ ကာလတန်ဖိုးနှင့် တည်ရှိရာနေရာနှင့် စုံစမ်းစစ်ဆေးသည့်အချိန်တွင် ထို ပစ္စည်းများမရှိပါက မရှိသည့်အကြောင်း၊

(ဇ) စုံစမ်းစစ်ဆေးခြင်းခံရသူ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော ပစ္စည်းနှင့် ထိန်းချုပ်မှုအောက်တွင် မရှိ သော ပစ္စည်းအမျိုးအစား၊ အခြားသူသို့ အမည်ခံလွှဲပြောင်းထားသော ပစ္စည်းအမျိုးအစား၊ အခြားသူသို့ လွှဲပြောင်းထားသည့် ပစ္စည်းအမျိုးအစား၊ အခြားသူပိုင်ပစ္စည်းနှင့် ရောထွေးနေပြီး သီးခြားခွဲထုတ်ရန် လွယ်ကူသော ပစ္စည်းအမျိုးအစားနှင့် လွယ်ကူခြင်းမရှိသော ပစ္စည်းအမျိုးအစားများအပြင် ပစ္စည်းတစ်ခု ချင်းအလိုက် ကာလတန်ဖိုး၊

(ဈ) သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူ၏ တင်ပြချက်၊

(ည) ကော်မရှင်က ထုတ်ဆင့်သည့် အမိန့်နှင့် ညွှန်ကြားချက်အရ မိမိ၏ ဆောင်ရွက်ချက်အကျဉ်း၊

(ဋ) သက်သေခံ စာတမ်းအမှတ်အသားများနှင့် သက်သေများစာရင်း၊

(ဌ) စုံစမ်းစစ်ဆေးတွေ့ရှိချက်နှင့် သုံးသပ်တင်ပြချက်၊

၁၆။ အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့်စပ်လျဉ်း၍ ဖြစ်စေ နစ်နာသူက ပေးပို့တိုင်ကြားလာပါက ကော်မရှင်သို့ ဆောလျင်စွာ တင်ပြရမည်။

## အခန်း (၄)

## ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများရှိ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း

၁၇။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများတွင် ထိန်းသိမ်းထားရှိသည့် အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှု သို့မဟုတ် အဂတိလိုက်စားမှုနှင့် သက်ဆိုင်သည့် ငွေကြေးနှင့်ပစ္စည်းများကို ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်း မပြုနိုင် ရန် တားမြစ်သည့်

အမိန့်ထုတ်ဆင့်နိုင်ရေးအတွက်လည်းကောင်း၊ အပ်နှံထားသည့် ငွေကြေးနှင့် ပစ္စည်း များ၊ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်၊ မိတ္တူကူးယူခွင့်၊ လိုအပ်ပါက သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခွင့် ရရှိရေးအတွက်လည်းကောင်း အောက်ပါအချက်အလက်များကို ဖော်ပြပြီး ကော်မရှင်သို့ အမြန်တင်ပြရမည်-

(က) စုံစမ်းဖော်ထုတ်ချက်အရ သိရှိသော ကျူးလွန်သည့်ပြစ်မှု အကျဉ်းချုပ်၊

(ခ) ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိချက်၊

(ဂ) ဆောင်ရွက်လိုသည့်ကိစ္စနှင့် ဆောင်ရွက်မည့် အချိန်ကာလ၊

(ဃ) ဆောင်ရွက်လိုသည့်ကိစ္စနှင့် သက်ဆိုင်သော ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းအမည်နှင့် လိပ် စာ။

၁၈။ ကော်မရှင်သည်-

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ နည်းဥပဒေ ၁၇ အရ တင်ပြချက်ကိုစိစစ်ပြီး စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(၁) ငွေကြေးနှင့်ပစ္စည်းများကို ထုတ်ယူခြင်း၊ လွှဲပြောင်းခြင်းမပြုရန် တားမြစ်သည့်အမိန့်၊

(၂) ငွေရေးကြေးရေးမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခွင့်ပြုသည့် အမိန့်၊ မိတ္တူကူးယူခွင့်ပြုသည့် အမိန့်၊

(၃) ငွေရေးကြေးရေးမှတ်တမ်းများ၊ ငွေကြေးနှင့် ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်း ခွင့်ပြုသည့် အမိန့်။

(ခ) နည်းဥပဒေခွဲ (က) ပါ အမိန့်တစ်ရပ်ရပ်ကို ချမှတ်သည့်အခါ သက်ဆိုင်ရာ ဘဏ်နှင့်ငွေရေးကြေး ရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူအား ထိုအမိန့်ထုတ်ဆင့်ပြီး အမိန့်မိတ္တူကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်း၏ အကြီးအကဲထံသို့ ပေးပို့ရမည်။

၁၉။ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စစ်ဆေးရေးမှူးသည်-

(က) ကော်မရှင်က ထုတ်ဆင့်သော အမိန့်နှင့်အညီ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေး ကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ စုံစမ်းစစ်ဆေးခြင်းခံရသူက အပ်နှံသော၊ ပေးသွင်းသော သို့မဟုတ် လွှဲပြောင်းသော ငွေကြေးနှင့် ပစ္စည်းများကို သက်သေခံပစ္စည်းအ ဖြစ် သိမ်းဆည်းခြင်းတို့ကို နည်းဥပဒေ ၈ နည်းဥပဒေခွဲ (ဠ) နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းသည့် စိန်၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာ လက်ဝတ်လက်စား၊ ငွေကြေးနှင့် အဖိုးတန်ပစ္စည်းများကို ကော်မရှင်က သတ်မှတ်သည့် ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့ အစည်းသို့ လုံခြုံမှုအတွက် အပ်နှံသည့်စနစ်ဖြင့် အပ်နှံထားရမည်။

## အခန်း (၅)

## သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ တားမြစ်သည့် အမိန့်ချမှတ်ခြင်းနှင့် ချိပ်ပိတ်ရန်ညွှန်ကြားခြင်း

၂၀။ စုံစမ်းစစ်ဆေးနေသည့်ကာလအတွင်း အမှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ပြောင်းလဲ ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင်ပြောင်းလဲခြင်း မပြုလုပ်နိုင်ရန်

Myanmar Law Information System (MLIS)

သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား ကော်မရှင်က တားမြစ် သည့် အမိန့်ထုတ်ဆင့်သည့်အခါ သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းအား ချိပ်ပိတ်ရန် ညွှန်ကြား သည့်အခါ စုံစမ်းစစ်ဆေးရေးအဖွဲ့သည်-

(က) တားမြစ်သည့် အမိန့်ထုတ်ဆင့်ထားသော သို့မဟုတ် ချိပ်ပိတ်ရန် ညွှန်ကြားသော ပစ္စည်းတည်ရှိ သည့်နေရာ၌ ယင်းအမိန့် သို့မဟုတ် ညွှန်ကြားချက်ကို အများမြင်သာသောနေရာတွင် ကပ်ထားရမည့် အပြင် သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင်လည်း ကပ်ထားရ မည်။

(ခ) ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ကတိခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ခြင်းမပြု ပါက ထိုပစ္စည်းတွင် နေထိုင်သူများအား ဖယ်ရှားပြီး သော့ခတ်၍ ချိပ်ပိတ်သိမ်းဆည်းထားရမည်။

(ဂ) ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအား လုံခြုံစွာထိန်းသိမ်းရန် ပြည်ထဲရေးဝန်ကြီး ဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်း၍ စုံစမ်း စစ်ဆေးနေသည့်ကာလအတွင်း ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားရန် စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်း သိမ်းဆည်းခြင်းခံရသူ သို့မဟုတ် ပစ္စည်းတွင် အကျိုးသက်ဆိုင်သူက ခိုင်လုံသော အထောက်အထားတင် ပြ၍ လျှောက်ထားလာလျှင် ကော်မရှင်၏ အမိန့်အရ လုံလောက်သောအာမခံဖြင့် ကတိခံဝန်ချုပ်ကို ပုံစံ (၄) ဖြင့် ချုပ်ဆိုစေပြီး ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပြန်လည်ပေးအပ်နိုင်သည်။

၂၂။ စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ကတိခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ခြင်းခံရသူသည် ကော်မရှင် က တားမြစ်သည့် အမိန့်ထုတ်ဆင့်ထားသည့် သို့မဟုတ် ချိပ်ပိတ်ရန်ညွှန်ကြားသည့် ငွေကြေး၊ ပစ္စည်းများ နှင့်စပ်လျဉ်း၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် သူတစ်ပါးအား နေထိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်း မပြုရ။

## အခန်း (၆)

## ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၂၃။ ကော်မရှင်သည် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့၏ စိစစ်တွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအရဖြစ်စေ၊ အခြားသတင်းအချက် အလက်အရဖြစ်စေ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် သို့မဟုတ် အဂတိလိုက်စားမှု ကျူးလွန်ခြင်းကြောင့် ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်းများမှန်ကန်ကြောင်း ပေါ်ပေါက်သော်လည်း တရား စွဲတင်နိုင်လောက်သည့် သက်သေခံ အထောက်အထားများမရရှိလျှင် ယင်းသက်သေခံငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သင့်/မသင့် စိစစ်တင်ပြနိုင်ရေးအတွက် ပဏာမ စိစစ်ရေးအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ် အနည်းဆုံး (၅) ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့တွင် မူလစုံစမ်း စစ်ဆေးရေးအဖွဲ့တွင် ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သည့် ကော်မရှင်အဖွဲ့ဝင်မှအပ ကျန်ကော်မရှင် အဖွဲ့ဝင်တစ်ဦးအား ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ရမည်။

၂၄။ ပဏာမစိစစ်ရေးအဖွဲ့သည်-

Myanmar Law Information System (MLIS)

(က) ကော်မရှင်က ထုတ်ဆင့်သော အမိန့်နှင့်အညီ ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေး ကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ စုံစမ်းစစ်ဆေးခြင်းခံရသူက အပ်နှံသော၊ ပေးသွင်းသော သို့မဟုတ် လွှဲပြောင်းသောငွေကြေးနှင့် ပစ္စည်းများကို သက်သေခံပစ္စည်း အဖြစ် သိမ်းဆည်းခြင်းတို့ကို နည်းဥပဒေ ၈၊ နည်းဥပဒေခွဲ (ဋ) နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းသည့် စိန်၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာ၊ လက်ဝတ်လက်စား၊ ငွေကြေးနှင့် အဖိုးတန်ပစ္စည်းများကို ကော်မရှင်က သတ်မှတ်သည့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့ အစည်းသို့ လုံခြုံမှုအတွက် အပ်နှံသည့်စနစ်ဖြင့် အပ်နှံထားရမည်။

၂၅။ ပဏာမစိစစ်ရေးအဖွဲ့သည် စိစစ်နေသည့်ကာလအတွင်း အမှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်း များကို ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ အသွင် ပြောင်းလဲခြင်းမပြုလုပ်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား ကော်မရှင် က တားမြစ်သည့် အမိန့်ထုတ်ဆင့်သည့်အခါ သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအား ချိပ်ပိတ်ရန် ညွှန်ကြားသည့်အခါ ပဏာမစိစစ်ရေးအဖွဲ့သည်-

(က) တားမြစ်သည့် အမိန့်ထုတ်ဆင့်ထားသော သို့မဟုတ် ချိပ်ပိတ်ရန် ညွှန်ကြားသော ပစ္စည်းတည်ရှိ သည့်နေရာ၌ ယင်းအမိန့် သို့မဟုတ် ညွှန်ကြားချက်ကို အများမြင်သာသောနေရာတွင် ကပ်ထားရမည့် အပြင် သက်ဆိုင်ရာမြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင်လည်း ကပ်ထားရ မည်။

(ခ) ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ကတိခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ခြင်း မပြု ပါက ထိုပစ္စည်းတွင်နေထိုင်သူများအား ဖယ်ရှားပြီးသော့ခတ်၍ ချိပ်ပိတ်သိမ်းဆည်းထားရမည်။

(ဂ) ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအား လုံခြုံစွာ ထိန်းသိမ်းထားရန် ပြည်ထဲရေးဝန် ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၆။ ပဏာမစိစစ်ရေးအဖွဲ့သည် ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်း၍ စုံစမ်း စစ်ဆေးနေသည့်ကာလအတွင်း ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားရန် စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်း သိမ်းဆည်းခြင်းခံရသူ သို့မဟုတ် ပစ္စည်းတွင်အကျိုးသက်ဆိုင်သူက ခိုင်လုံသော အထောက်အထားတင် ပြ၍ လျှောက်ထားလာလျှင် ကော်မရှင်၏ အမိန့်အရ လုံလောက်သောအာမခံဖြင့် ကတိခံဝန်ချုပ်ကို ပုံစံ (၄) ဖြင့် ချုပ်ဆိုစေပြီး ချိပ်ပိတ်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပြန်လည်ပေးအပ်နိုင်သည်။

၂၇။ ပဏာမစိစစ်ရေးအဖွဲ့သည်-

(က) ကော်မရှင်က တာဝန်ပေးအပ်သည့်အခါ ပဏာမစိစစ်ရေးအမှုတွဲဖွင့်လှစ်၍ ဆောင်ရွက်ရမည်။

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်းခံရ သူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူတို့ထံ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ရက်ပေါင်း (၃၀) အတွင်း လာရောက်ခုခံချေပဖြေရှင်းရန် အကြောင်းကြားရ မည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ အကြောင်းကြားသော်လည်း လာရောက်ခုခံချေပခြင်းမရှိပါက စုံစမ်းစစ် ဆေးရေးအဖွဲ့က စစ်ဆေးထားသော သက်သေများနှင့် အခြားလိုအပ်သော သက်သေများကို ဆင့်ခေါ်၍ စစ်ဆေးကြားနာပြီး

သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သင့်/မသင့် သဘောထားမှတ်ချက်ဖြင့် ကော်မရှင်သို့ တင်ပြရမည်။

၂၈။ ပဏာပစိစစ်ရေးအဖွဲ့သည် နည်းဥပဒေ ၂၇ နည်းဥပဒေခွဲ (ခ) အရ အကြောင်းကြားခြင်းခံရသူက သတ်မှတ်သည့်ကာလအတွင်း လာရောက်ဖြေရှင်းသည့်အခါ-

(က) ပဏာမစိစစ်ရေးအဖွဲ့အနေဖြင့် စတင်စိစစ်သောကိစ္စရပ်ဖြစ်ပါက နည်းဥပဒေ ၈၊ နည်းဥပဒေခွဲ (ခ) မှ (ဃ) အထိတွင်ပါရှိသော စုံစမ်းစစ်ဆေးရေးအဖွဲ့က ဆောင်ရွက်သည့်နည်းလမ်းများအတိုင်း စိစစ်သည့် လုပ်ငန်းကို ဆောင်ရွက်ရမည်။

(ခ) သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို မည်သည့်အတွက် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် မသင့်ကြောင်း၊ စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်း ခံရသူနှင့် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူတို့အား ခုခံချေပဖြေရှင်းရန် ရှင်းလင်းပြောကြားရ မည်။

(ဂ) စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့် သက်သေခံပစ္စည်းတွင် အကျိုးသက် ဆိုင်သူတို့က အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းဖြစ်ကြောင်း ဝန်ခံလျှင် သက်သေခံပစ္စည်း အဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် ကော်မရှင်သို့ တင်ပြရမည်။

၂၉။ စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့် သက်သေခံပစ္စည်းတွင် အကျိုးသက် ဆိုင်သူတို့က အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်း မဟုတ်ကြောင်း ငြင်းဆိုလျှင် ပဏာမစိစစ် ရေးအဖွဲ့သည်-

(က) သက်ဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တို့က စစ်ဆေးထားသော သက်သေများကို ဦးစွာစစ်ဆေး ကြားနာရမည်။

(ခ) စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူတို့နှင့် သက်သေခံပစ္စည်းတွင် အကျိုးသက် ဆိုင်သူတို့ကို စစ်ဆေးကြားနာပြီး ၎င်းတို့တင်ပြသည့် စာရွက်စာတမ်းအထောက်အထားများကို စိစစ်၍ သက်သေခံအဖြစ်လက်ခံခြင်း သို့မဟုတ် သက်သေခံအဖြစ်လက်ခံရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့် သက်သေခံပစ္စည်းတွင် အကျိုးသက် ဆိုင်သူတို့က တင်ပြသော သက်သေများကို စစ်ဆေးကြားနာရမည်။

(ဃ) လိုအပ်ပါက စစ်ဆေးချက်အရ ပေါ်ပေါက်သော ပုဂ္ဂိုလ်များကို သက်သေအဖြစ် ခေါ်ယူစစ်ဆေး ခြင်း၊ စစ်ဆေးပြီးသောသက်သေများကို ထပ်မံစစ်ဆေးခြင်း ပြုနိုင်သည်။

(င) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ၊ စုံစမ်းစစ်ဆေးခြင်း ခံရ သူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူနှင့် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူတို့၏ ခုခံချေပချက်အရ ဖြစ်စေ သက်သေခံအထောက်အထားတစ်ရပ်ကို ထပ်မံစစ်ဆေးရယူရန်လိုအပ်ကြောင်း တွေ့ရှိလျှင် စုံစမ်းစစ်ဆေးရေးအဖွဲ့အား ထပ်မံ၍ စုံစမ်းစစ်ဆေးတင်ပြစေရန် ကော်မရှင်သို့ တင်ပြရမည်။

(စ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့် စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူ၊ သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူနှင့် နှစ်ဖက်သက်သေများ၏ အစစ်ခံချက်များ၊ သက်သေခံစာရွက်စာတမ်း အထောက်အထားများကို စိစစ်သုံးသပ်ပြီး သက်သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် သင့်/ မသင့် သဘောထားမှတ်ချက်ဖြင့် ကော်မရှင်သို့ တင်ပြရမည်။

၃၀။ ပဏာမစိစစ်ရေးအဖွဲ့သည် နည်းဥပဒေ ၂၉ နည်းဥပဒေခွဲ (စ) အရ တင်ပြချက်အပေါ် ထပ်မံ စစ်ဆေးကြားနာပြီး ပြန်လည်တင်ပြရန် ကော်မရှင်က ညွှန်ကြားသည့်အခါ လိုအပ်သော သက်သေများကို ထပ်မံစစ်ဆေးခြင်း၊ သက်သေခံချက်များကို ထပ်မံရယူခြင်းပြုလုပ်ပြီး သဘောထားမှတ်ချက်ဖြင့် ပြန်လည်တင်ပြရမည်။

၃၁။ ပဏာမစိစစ်ရေးအဖွဲ့သည် ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုး သက်ဆိုင်သူက သက်သေခံအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို သဘောရိုးဖြင့် အဖိုးစားနား သို့မဟုတ် ထိုက်သင့်သော တန်ဖိုးပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားကြောင်း လျှောက်ထားချက်အပေါ် စိစစ်ပြီး စစ်ဆေးတင်ပြရန် ကော်မရှင်က ညွှန်ကြားလာလျှင် နည်းဥပဒေ၂၈ နှင့် ၂၉ တို့နှင့်အညီ လိုအပ်သော စစ်ဆေးချက်နှင့် သက်သေခံချက်များရယူပြီး ထိုသူတောင်းဆိုသည့် အခွင့်အရေးကိုပေးရန် သင့်/မသင့် သဘောထားမှတ်ချက်ဖြင့် ကော်မရှင်သို့ တင်ပြရမည်။

၃၂။ အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့်စပ်လျဉ်း၍ ဖြစ်စေ နစ်နာသူက ပေးပို့တိုင်ကြားလာပါက ကော်မရှင်သို့ ဆောလျင်စွာ တင်ပြရမည်။

## အခန်း (၇)

## လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်း

### လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း လုပ်ငန်းတာဝန်များ

၃၃။ ကော်မရှင်သည်-

(က) ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ လုပ်ငန်းကော်မတီများကို အဖွဲ့ဝင်အနည်းဆုံး (၃) ဦးဖြင့် ဖွဲ့စည်း နိုင်သည်။ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ခ) အောက်ဖော်ပြပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းနိုင်သည်။ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင် သည်-

(၁) မူဝါဒရေးရာလုပ်ငန်းကော်မတီ

(၂) နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ

(၃) ဥပဒေရေးရာလုပ်ငန်းကော်မတီ

(၄) တိုင်ကြားစာ စိစစ်သုံးသပ်ရေးလုပ်ငန်းကော်မတီ

(၅) ဝန်ထမ်းရေးရာလုပ်ငန်းကော်မတီ

(၆) ပြန်ကြားရေးလုပ်ငန်းကော်မတီ



Myanmar Law Information System (MLIS)

(၇) စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းကော်မတီ

(၈) လေ့ကျင့်ရေးနှင့် သုတေသနလုပ်ငန်းကော်မတီ

၃၄။ လုပ်ငန်းကော်မတီများသည်-

(က) မိမိတို့ကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ လုပ်ဆောင်မည့်နည်းလမ်းများ၊ ရှေ့လုပ်ငန်းစဉ်များကို စနစ်တကျရေးဆွဲကာ ကော်မရှင်သို့ တင်ပြရမည်။

(ခ) ဥပဒေကို လက်တွေ့အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေမည့် အကြံဉာဏ်များ၊ လက်တွေ့လုပ်ကိုင်ရာတွင် ဖြစ်ပေါ်နိုင်မည့် အခက်အခဲများ၊ လိုအပ်ချက်များကို ကြိုတင်တွက်ဆ၍ ဖြေ ရှင်းနိုင်မည့် နည်းလမ်းများ ရှာဖွေစုစည်းကာ ကော်မရှင်သို့ တင်ပြရမည်။

(ဂ) လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် လုပ်ငန်းဆိုင်ရာ အားသာချက်၊ အားနည်းချက်များ အပေါ် လေ့လာသုံးသပ်သုတေသနပြု၍ မှတ်တမ်းတင်ထားရှိခြင်း၊ အပြန်အလှန်ဆွေးနွေးအဖြေရှာခြင်း ပြုရမည်။

(ဃ) ကော်မရှင်၏ လမ်းညွှန်ချက်ဖြင့် စစ်ဆေးရေးမှူးများ၊ ဝန်ထမ်းများ ကျွမ်းကျင်မှုနှင့် စွမ်းဆောင် ရည်မြင့်မားတိုးတက်စေရန် လေ့ကျင့်ပျိုးထောင်ပေးရမည်။

(င) အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့် စပ်လျဉ်း ၍ဖြစ်စေ နစ်နာသူက ပေးပို့တိုင်ကြားလာပါက ကော်မရှင်သို့ ဆောလျင်စွာ တင်ပြရမည်။

(စ) မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို သုံးလတစ်ကြိမ် ကော်မရှင် ဥက္ကဋ္ဌထံ တင်ပြရ မည်။

(ဆ) ကော်မရှင်က ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) အရ လွှဲအပ်တာဝန်ပေးသည့် အခြားတာဝန်များကို ဆောင်ရွက်ရမည်။

လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၃၅။ ကော်မရှင်သည် ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) အရ လုပ်ငန်းအဖွဲ့များကို လုပ်ငန်းကဏ္ဍအလိုက် ကော်မရှင်အဖွဲ့ဝင်တစ်ဦးအား ဦးဆောင်စေလျက် ဖွဲ့စည်းနိုင်သည်။ လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင် သည်။

၃၆။ လုပ်ငန်းအဖွဲ့များသည်-

(က) မိမိတို့လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ လုပ်ဆောင်မည့်နည်းလမ်း များ၊ ရှေ့လုပ်ငန်းစဉ်များကို စနစ်တကျရေးဆွဲကာ ကော်မရှင်သို့ တင်ပြရမည်။

(ခ) ဥပဒေကို လက်တွေ့အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေမည့် အကြံဉာဏ်များ၊ လက်တွေ့လုပ်ကိုင်ရာတွင် ဖြစ်ပေါ်နိုင်မည့် အခက်အခဲများ၊ လိုအပ်ချက်များကို ကြိုတင်တွက်ဆ၍ ဖြေ ရှင်းနိုင်မည့် နည်းလမ်းများကို ရှာဖွေစုစည်းကာ ကော်မရှင်သို့ တင်ပြရမည်။

(ဂ) လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် လုပ်ငန်းဆိုင်ရာ အားနည်းချက်၊ အားသာချက်များ အပေါ် လေ့လာသုံးသပ်သုတေသနပြု၍ မှတ်တမ်းတင်ထားရှိခြင်း၊ အပြန်အလှန်ဆွေးနွေးအဖြေရှာခြင်း ပြုရမည်။

(ဃ) တိုင်ကြားစာ၊ သတင်း၊ အကြောင်းကြားစာများနှင့်စပ်လျဉ်း၍ ဥပဒေပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ခြင်း၊ တိုင်ကြားစာတွင်ပူးတွဲပါရှိလာသည့် အထောက်အထားများနှင့် တိုင်ကြားမှု မှန်/မမှန် သိရှိနိုင်ရန်

Myanmar Law Information System (MLIS)

တိုင်ကြားသူထံမှ သတင်းအတည်ပြုချက်ရယူခြင်း၊ အခြားအထောက်အကူပြုနိုင် မည့် အချက်အလက်များ စုံစမ်းထောက်လှမ်းရယူခြင်းတို့ကို ပြုလုပ်ပြီး အစီရင်ခံစာရေးသား၍ ကော်မရှင်သို့ တင်ပြရမည်။

(င) နည်းဥပဒေခွဲ (ဃ) ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစီရင်ခံစာရေးသားရာတွင် အောက်ပါအတိုင်း တင်ပြရမည်-

(၁) တိုင်ကြားစာတွင် ဥပဒေပါသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါက တိုင်ကြားချက်အားပယ်ရန်တင်ပြခြင်း၊

(၂) တိုင်ကြားစာ၊ သတင်း၊ အကြောင်းကြားစာတို့သည် ဥပဒေအရ တရားစွဲဆိုခြင်း မပြုနိုင်သည့် ကိစ္စ ရပ်ဖြစ်ပါက ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ထမ်းအကြီး အကဲထံသို့ အကြောင်းကြားနိုင်ရေးအတွက် ထောက်ခံတင်ပြခြင်း၊

(၃) တိုင်ကြားစာ၊ သတင်း၊ အကြောင်းကြားစာတို့သည် တရားစွဲဆိုနိုင်သည့်အခြေအမြစ်မရှိသော် လည်း အဂတိလိုက်စားမှုဖြင့်ရရှိသော ငွေကြေးနှင့် ပစ္စည်းများဖြစ်ကြောင်း စိစစ်ပေါ်ပေါက်ပါက ယင်းငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ပဏာမစိစစ်ရေးအဖွဲ့ ဖြင့် စိစစ်ဆောင်ရွက်နိုင်ရန် တင်ပြခြင်း၊

(၄) တိုင်ကြားစာ၊ သတင်းစာ၊ အကြောင်းကြားစာတို့တွင်ပါရှိသော စွပ်စွဲချက်များ မှန်ကန်ပြီး တရားစွဲ ဆိုအရေးယူနိုင်သည့် အခြေအနေရှိပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးသင့်ကြောင်း ထောက်ခံတင် ပြခြင်း၊

(စ) လုပ်ငန်းအဖွဲ့သည် တိုင်ကြားစာ၊ သတင်း၊ အကြောင်းကြားစာတို့ကို စိစစ်ရာတွင် သတင်းပေါက် ကြားမှုမဖြစ်စေရေးနှင့် လုပ်ငန်းလျင်မြန်စေရေးအတွက် သတ်မှတ်ကာလအတွင်း စိစစ်တင်ပြရမည်။

(ဆ) အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်ရရှိသည့်အခါ လုပ်ငန်းအဖွဲ့သည် လိုအပ် သော စုံစမ်းထောက်လှမ်းမှုများပြုလုပ်ပြီး ခိုင်လုံသည့် သတင်းအချက်အလက်အဖြစ် သတ်မှတ်နိုင်ရန် ကော်မရှင်ဥက္ကဋ္ဌထံ တင်ပြရမည်။ ကော်မရှင်ဥက္ကဋ္ဌသည် လုပ်ငန်းအဖွဲ့၏ တင်ပြချက်ကို လေ့လာသုံးသပ် ပြီး ခိုင်လုံသည့် သတင်းအချက်အလက် ဟုတ်/မဟုတ် ဆုံးဖြတ်နိုင်ရန် ကော်မရှင်အစည်းအဝေးသို့ သဘောထားမှတ်ချက်ဖြင့် ဆက်လက်တင်ပြရမည်။

(ဇ) အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့်စပ်လျဉ်း၍ ဖြစ်စေ နစ်နာသူက ပေးပို့တိုင်ကြားလာပါက ကော်မရှင်သို့ ဆောလျင်စွာတင်ပြရမည်။

(ဈ) မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို သုံးလတစ်ကြိမ် ကော်မရှင်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ည) ကော်မရှင်က ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ လွှဲအပ်တာဝန်ပေးသည့် အခြားတာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း (၈)

## လုပ်ပိုင်ခွင့်အာဏာရှိသူက ပိုင်ဆိုင်သည့်ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ကြေညာခြင်း

၃၇။ ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ငွေကြေး၊ ပစ္စည်း၊ ပေးရန် တာဝန်နှင့် ရရန်ပိုင်ခွင့်များ စာရင်းပြုစုတင်ပြရမည့် လုပ်ပိုင်ခွင့်အာဏာရှိသူအဆင့်ကို သတ်မှတ်ပြီး ယင်းလုပ်ပိုင်ခွင့်

အာဏာရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ တောင်းခံ၍ စိစစ်ပြီး အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

၃၈။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသည် မိမိတို့ဌာန အဖွဲ့အစည်းရှိ ပိုင်ဆိုင်မှုကြေညာလွှာပေးပို့ရန် တာဝန်ရှိသော လုပ်ပိုင်ခွင့်အာဏာရှိသူများထံမှ မိမိတို့ဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များစာရင်းကို အထောက်အထားများနှင့်တကွ ပုံစံ (၇) ဖြင့်ပြုစုစေ၍ နည်းဥပဒေ ၃၈ အရ အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကော်မ ရှင်သို့ စုစည်းပေးပို့ရမည်။

၃၉။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများတွင် နည်းဥပဒေ ၃၈ အရ ကြေညာလွှာများပေးပို့ပြီးသည့် နောက်ပိုင်း ကြေညာလွှာပေးပို့ရန် တာဝန်ရှိသည့် လုပ်ပိုင်ခွင့်အာဏာရှိသူအဖြစ် သတ်မှတ်ထားသည့် ရာထူးအဆင့်ရှိသူ ထပ်မံပေါ်ပေါက်လာပါက ၎င်းပုဂ္ဂိုလ်များအတွက် ယင်းရာထူးရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကော်မရှင်သို့ ကြေညာလွှာပေးပို့ရမည်။

၄၀။ နည်းဥပဒေ ၃၈ နှင့် နည်းဥပဒေ ၃၉ တို့အရ ကြေညာလွှာပေးပို့ရန် တာဝန်ရှိသည့် လုပ်ပိုင်ခွင့် အာဏာရှိသူများသည် မိမိတို့ဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင်ငွေကြေး၊ ပစ္စည်း၊ ပေးရန် တာဝန်နှင့် ရရန်ပိုင်ခွင့်များစာရင်းကို ပုံစံ (၇) ဖြင့်ပြုစု၍ ကော်မရှင်သို့ နှစ်စဉ် ဒီဇင်ဘာလ ၃၁ ရက်နေ့ အရောက်ဖြစ်စေ၊ ကော်မရှင်က အခါအားလျော်စွာ တောင်းခံသည့် အချိန်တွင် ဖြစ်စေ ပေးပို့တင်ပြရမည်။

၄၁။ လုပ်ပိုင်ခွင့်အာဏာရှိသူများသည် ပုံစံ (၇) ဖြင့် ကြေညာလွှာပေးပို့ရာတွင်-

(က) မိမိ၏ ငွေကြေးနှင့် ပစ္စည်းများကို မည်သို့မည်ပုံပိုင်ဆိုင်ကြောင်း အထောက်အထား မိတ္တူပူးတွဲ တင်ပြရမည်။

(ခ) ပေးရန်တာဝန်၊ ရရန်ပိုင်ခွင့်များနှင့် ပတ်သက်၍ သက်ဆိုင်သူများ၏ ထောက်ခံချက်မူရင်းများဖြင့် ပူးတွဲတင်ပြရမည်။

(ဂ) ပစ္စည်းများလွှဲပြောင်းရောင်းချခြင်းရှိပါက ရောင်းချရငွေမှ အခွန်ထမ်းဆောင်ထားလျှင် ထိုသို့ ထမ်းဆောင်ထားသည့် အထောက်အထား၊ စာရွက်စာတမ်း၊ မိတ္တူပူးတွဲတင်ပြရမည်။

(ဃ) နည်းဥပဒေခွဲ (က)၊ (ခ)နှင့် (ဂ) ပါ ငွေကြေးနှင့်ပစ္စည်းများကို ပိုင်ဆိုင်ကြောင်း အထောက်အထား အပြင် ပြည်တွင်း၊ ပြည်ပမှရရှိသော ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များစာရင်းကို ပူးတွဲတင်ပြရမည်။

၄၂။ နည်းဥပဒေ ၃၈ နှင့် ၃၉ တို့အရ ကြေညာလွှာပေးပို့ရန် တာဝန်ရှိသည့် လုပ်ပိုင်ခွင့် အာဏာရှိသူ ကွယ် လွန်သည့်အခါ ထိုသူ၏ အမွေဆက်ခံသူ၊ တရားဝင်ကိုယ်စားလှယ် သို့မဟုတ် ပစ္စည်းထိန်းက ထိုကွယ် လွန်သူပိုင်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများစာရင်းကို ပုံစံ (၇) ဖြင့် နည်းဥပဒေ ၄၁ ပါ သတ်မှတ်ချက် အတိုင်း ပြုစု၍ ကော်မရှင်သို့ ပေးပို့တင်ပြရမည်။

## အခန်း (၉)

## ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း

၄၃။ ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့က သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသောငွေကြေး၊ ပစ္စည်းများနှင့် စပ်လျဉ်း၍-

(က) သက်သေထွက်ဆိုချက်များနှင့် သက်သေခံအထောက်အထားများ ထပ်မံရယူရန် လိုအပ်ပါက ရယူ တင်ပြစေရန် ပဏာမစိစစ်ရေးအဖွဲ့အား ညွှန်ကြားနိုင်သည်။

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ပဏာမစိစစ်ရေးအဖွဲ့၏ တင်ပြ ချက်များအရ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းဖြစ်ကြောင်း ထင်ရှားတွေ့ရှိလျှင် သက်သေ ခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ချမှတ်ရမည်။ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းမဟုတ်ကြောင်း ထင်ရှားပေါ်ပေါက် လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်းများကို မူလသိမ်းဆည်းခြင်း ခံရသူသို့ ပြန်လည်ပေးအပ်စေရန် အမိန့် ချမှတ်ရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ဆောင်ရွက်ရာတွင် ဥပဒေပုဒ်မ ၅၅ သို့မဟုတ် ၅၆ သို့မဟုတ် ၅၇ အရ ပစ္စည်းထိန်းသိမ်းခြင်းခံရသူအား အဂတိလိုက်စားမှုဖြင့် တရားစွဲတင်ထားပြီးဖြစ်ပါက သက်သေခံပစ္စည်း အဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့် ချမှတ်ခြင်း မပြုသေးဘဲ ဆိုင်းငံ့ထားပြီး သက်ဆိုင်ရာ တရားရုံး၏ နောက်ဆုံးအတည်ဖြစ်သည့် အမိန့်၊ စီရင်ချက်နှင့်အညီ လိုအပ်သည့် အမိန့်ချမှတ်ရမည်။

(ဃ) နည်းဥပဒေခွဲ (ခ) နှင့် (ဂ) အရ ချမှတ်သည့်အမိန့်ကို စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်း ခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူထံသို့ အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပေးပို့ရမည်။

၄၄။ ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ပဏာမစိစစ်ရေး အဖွဲ့၏ တင်ပြချက်များအရ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေး၊ ပစ္စည်းများနှင့် စပ်လျဉ်း၍ ပစ္စည်းသိမ်းဆည်းခြင်း ခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူက သဘောရိုးဖြင့် အဖိုးစားနား သို့မဟုတ် ထိုက်သင့်သော တန်ဖိုးပေးပြီး တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူ ထားခြင်းဖြစ်ကြောင်း သက်သေထင်ရှားပေါ်ပေါက်လျှင်-

(က) ငွေကြေးနှင့် ပစ္စည်းများအားလုံးကို လွှဲပြောင်းရယူခြင်းဖြစ်ပါက ယင်းငွေကြေးနှင့် ပစ္စည်းများ အားလုံးကို ထိုသူအား ပြန်လည်ထုတ်ပေးရမည်၊

(ခ) ငွေကြေးတစ်စိတ်တစ်ဒေသကို လွှဲပြောင်းရယူပိုင်ဆိုင်ထားခြင်းဖြစ်ပါက ယင်းငွေကြေးတစ်စိတ် တစ်ဒေသကို ထိုသူအား ပြန်လည်ထုတ်ပေးရမည်၊

(ဂ) လွှဲပြောင်းရယူထားသော ပစ္စည်းတစ်စိတ်တစ်ဒေသမှာ စုံစမ်းစစ်ဆေးခြင်းခံရသူနှင့် ပူးတွဲပိုင်ဆိုင် ခြင်း မရှိသည့်အပြင် သီးခြားခွဲထုတ်ရန် လွယ်ကူပါက ထိုပစ္စည်းတစ်စိတ်တစ်ဒေသကို ထိုသူအား ပြန်လည်ထုတ်ပေးရမည်၊

(ဃ) လွှဲပြောင်းရယူထားသော ပစ္စည်းမှာ စုံစမ်းစစ်ဆေးခြင်းခံရသူနှင့် ပူးတွဲပိုင်ဆိုင်ပြီး သီးခြားခွဲထုတ် ရန် မလွယ်ကူပါက ယင်းပစ္စည်းကို လေလံတင်ရောင်းချရမည်။ ရောင်းရငွေအနက် ထိုသူ၏ ပိုင်ဆိုင်မှု အချိုးအစားအလိုက် ရထိုက်သည့်

ငွေကြေးကို ထိုသူအား ထုတ်ပေးပြီး စုံစမ်းစစ်ဆေးခြင်းခံရသူ၏ ပိုင် ဆိုင်မှုအချိုးအစား ငွေကြေးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၄၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့် ပစ္စည်း များကို နည်းဥပဒေ ၄၃ နှင့် ၄၄ တို့အရ ကော်မရှင်က စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်း ခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူအား ပြန်လည်ပေးအပ်သည့်အခါ သက်သေ များ ရှေ့မှောက်တွင် ပုံစံ (၆) ဖြင့် ပြန်လည်ပေးအပ်ရမည်။

၄၆။ ကော်မရှင်သည်-

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေးများကို အစိုးရအဖွဲ့က သတ်မှတ်သည့် ငွေစာရင်းခေါင်းစဉ်အောက်သို့ ပေးသွင်းရမည်။

(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ပစ္စည်းများကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ စီမံခန့်ခွဲရမည်။

၄၇။ ကော်မရှင်သည်-

(က) အဂတိလိုက်စားမှုကြောင့် ကြွယ်ဝချမ်းသာလာမှု သို့မဟုတ် အဂတိလိုက်စားမှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသောပစ္စည်းကို စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက် ဆိုင်သူက တစ်နည်းနည်းဖြင့် လွှဲပြောင်းကြောင်း၊ ဖျောက်ဖျက်ကြောင်း၊ ဖျက်ဆီးကြောင်း သို့မဟုတ် ပျက်စီးစေကြောင်း စစ်ဆေးတွေ့ရှိလျှင် ထိုပစ္စည်းနှင့် စပ်လျဉ်း၍ ဆက်လက်စုံစမ်း စစ်ဆေးခြင်းမပြုဘဲ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့်ချမှတ်ရမည်။

(ခ) ကတိခံဝန်ချုပ်ဖြင့် ပြန်လည်အပ်နှံထားသော ငွေကြေးနှင့်ပစ္စည်းများကို စုံစမ်းစစ်ဆေးခြင်းခံရသူ၊ ပစ္စည်းသိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူက တစ်နည်းနည်း ဖြင့် လွှဲပြောင်းကြောင်း၊ ဖျောက်ဖျက်ကြောင်း၊ ဖျက်ဆီးကြောင်း သို့မဟုတ် ပျက်စီးစေကြောင်း စစ်ဆေး တွေ့ရှိပြီး ထိုငွေကြေးနှင့် ပစ္စည်းများကိုလည်း ဖော်ထုတ်သိမ်းဆည်း၍ မရရှိပါက ထိုငွေကြေး၊ ပစ္စည်း များနှင့် စပ်လျဉ်း၍ ဆက်လက်စုံစမ်းစစ်ဆေးခြင်းမပြုဘဲ ထိုသူက ထိုငွေကြေးနှင့် ပစ္စည်းများ၏ ကာလတန်ဖိုးကို ပေးလျော်စေရန် အမိန့်ချမှတ်ရမည်။ ထိုသူက ပေးလျော်ရန် ပျက်ကွက်ပါက မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းအား တာဝန် ပေးအပ်နိုင်သည်။

(ဂ) နည်းဥပဒေခွဲ (က) နှင့် (ခ) ပါ ကျူးလွန်ဖောက်ဖျက်သူတို့အား ဥပဒေပုဒ်မ ၅၈ အရ အရေးယူရန် စုံစမ်းစစ်ဆေးရေးအဖွဲ့အား ညွှန်ကြားနိုင်သည်။

## အခန်း (၁၀)

## ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ

၄၈။ သက်ဆိုင်ရာ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသည်-

(က) ကော်မရှင်က ထုတ်ဆင့်သည့် အမိန့်နှင့်အညီစုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စစ်ဆေးရေးမှူးက စုံစမ်းစစ်ဆေးသောကိစ္စနှင့် သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စစ်ဆေးကြည့်ရှု ခြင်း၊ မိတ္တူကူးယူခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းနှင့် အဂတိလိုက်စားမှုဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းတို့ကို ခွင့်ပြုရမည်။ ယင်းကဲ့သို့ ခွင့်ပြု ရာတွင် ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အီလက်ထရောနစ်နည်းပညာ အသုံးပြု၍ လျှို့ဝှက်သင်္ကေတများဖြင့် ဆောင်ရွက်ထားရှိပါက မူလဆိုလိုရင်းအဓိပ္ပာယ်ကို ပြန်လည် ဖော်ထုတ်ပေးရမည်။

(ခ) စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စစ်ဆေးရေးမှူးက နည်းဥပဒေ ၁၉ နည်းဥပဒေခွဲ (ခ) အရ အပ်နှံ ထားသည့် ငွေကြေးနှင့်ပစ္စည်းများကို ကော်မရှင်က ထုတ်ဆင့်သည့် ညွှန်ကြားချက်နှင့်အညီ လုံခြုံစွာ လက်ခံထိန်းသိမ်းရမည်။

(ဂ) အဂတိလိုက်စားမှုဖြင့်ရရှိသည့် ငွေကြေး၊ ပစ္စည်းများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနေသည့် ကာလ အတွင်း ကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲ ယင်းငွေကြေးနှင့် ပစ္စည်းများကို ထုတ်ပေးခြင်း သို့မဟုတ် လွှဲ ပြောင်းပေးခြင်းမပြုရ။

(ဃ) စုံစမ်းစစ်ဆေးခြင်းနှင့် သက်ဆိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို ဖျောက်ဖျက် ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပြင်ဆင်ခြင်း မပြုရ။

(င) အဂတိလိုက်စားမှုနှင့် သက်ဆိုင်သော ငွေရေးကြေးရေးဆိုင်ရာ မှတ်တမ်းများကို စုံစမ်းစစ်ဆေးရေး အဖွဲ့က စုံစမ်းစစ်ဆေးသည့်အခါ လိုအပ်သော အကူအညီများပေးရမည်။

၄၉။ ကော်မရှင်သည် ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှ ရရှိလာသည့် ငွေကြေး၊ ပစ္စည်းတစ်ခုခုကို ပြည်ပဘဏ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံတွင် ထားရှိကြောင်း သို့မဟုတ် အပ်နှံထား ကြောင်းယုံကြည်ပါက လွှဲပြောင်းခြင်းမပြုနိုင်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ဗဟို ဘဏ် သို့မဟုတ် သက်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ရပ်ရပ်၏ အကူအညီရယူဆောင်ရွက် နိုင်သည်။

၅၀။ နည်းဥပဒေ ၄၉ အရ ကော်မရှင်က အကူအညီတောင်းခံလာပါက သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ဗဟိုဘဏ် သို့မဟုတ် သက်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းသည် ယင်းငွေကြေး သို့မဟုတ် ပစ္စည်းကို လွှဲပြောင်းခြင်းမပြုစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးရ မည်။

၅၁။ ကော်မရှင်က ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ပဘဏ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံတွင် အပ်နှံထားသည့် အဆိုပါ ငွေကြေး သို့မဟုတ် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ဆုံးဖြတ်ပါ က ကော်မရှင်သို့ တရားဝင်လွှဲပြောင်းရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ဗဟိုဘဏ် သို့မဟုတ် သက်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းက ဆောင်ရွက်ပေးရမည်။

၅၂။ နည်းဥပဒေ ၅၁ အရ ဆောင်ရွက်ရာတွင် သုံးစွဲရသည့် အမှန်တကယ် ကုန်ကျစရိတ်များကို ကော်မ ရှင်ရုံး၏ အသုံးစရိတ်မှ ကျခံရမည်။

## အခန်း (၁၁)
## ကော်မရှင်အစည်းအဝေးကျင်းပခြင်း

၅၃။ ကော်မရှင်များအဖွဲ့ဝင်များ၏ အစည်းအဝေးကို တစ်လလျှင် အနည်းဆုံးလေးကြိမ် ကျင်းပရမည်။

၅၄။ ကော်မရှင်ဥက္ကဋ္ဌသည် အစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌမတက် ရောက်နိုင်သည့်အခါ အတွင်းရေးမှူးက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

၅၅။ အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင်၉ ဦးနှင့် အထက် တက်ရောက်လျှင် အစည်းအဝေးအထမြောက် သည်။

၅၆။ အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ အစည်းအဝေး တက်ရောက်သည့် ကော်မရှင်အဖွဲ့ဝင်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

၅၇။ ကော်မရှင်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ သဘာပတိတာဝန်ထမ်းဆောင်နေ သည့် ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်းတူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

## အခန်း (၁၂)

## အသိပညာပေးရေးနှင့် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်း

၅၈။ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုး ရစီးပွား ရေးလုပ်ငန်းအဖွဲ့အစည်းများက ရေးဆွဲသော လုပ်ငန်းအစီအစဉ်များနှင့် စီမံချက်များတွင် အကြံ ဉာဏ်ပေးဆောင်ရွက်ရမည်။

၅၉။ ကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက် ရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရေးအတွက်  အောက်ပါလုပ်ငန်းများကို ဆောင် ရွက်နိုင်သည်-

(က) စာသင်ကျောင်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပညာပေးဟောပြောပို့ချခြင်း၊

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းများရှိဝန်ထမ်းများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် စည်းရုံး ပညာပေး ဟောပြောဆွေးနွေးခြင်း၊ သင်တန်းများပို့ချခြင်း၊

(ဂ) သတင်းမီဒီယာများနှင့် ပြန်ကြားရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကြောင်း အရာများ၊ အကျင့်စာရိတ္တမြင့်မားသော ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို ထုတ်ဖော်ပြသနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဃ) အဂတိလိုက်စားမှုဆိုင်ရာ သတင်းများကို အများပြည်သူများသိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း၊

(င) လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ ရိုးသားဖြောင့်မတ်သည့် စိတ်ဓာတ်ကို ပိုမိုမြှင့်တင်နိုင်ရန် လေ့ကျင့်ပညာပေးခြင်း။

## အခန်း (၁၃)

## နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၆၀။ ကော်မရှင်သည် အောက်ပါကိစ္စရပ်များအပါအဝင် သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်အတွက် ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသ ဆိုင်ရာ

အဖွဲ့အစည်းများနှင့်လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာ အဖွဲ့အစည်းဝင်နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်သည်-

(က) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာသတင်းများ ဖလှယ်ခြင်း၊

(ခ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ စီစဉ်ညွှန်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ စီမံခြင်းနှင့် ပြစ်မှုဆိုင် ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့် အညီ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လေ့ကျင့်ရေးနှင့် နည်းပညာမြင့်မားရေးတွင် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဃ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက် ခြင်း၊

(င) အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဖြစ်စေရန် စွမ်းရည်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပူးပေါင်းဆောင် ရွက်ခြင်း။

## အခန်း (၁၄)

## အထွေထွေ

၆၁။ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှု သို့မဟုတ် အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ ပစ္စည်း သိမ်းဆည်းခြင်းခံရသူ သို့မဟုတ် သက်သေခံပစ္စည်းတွင် အကျိုးသက်ဆိုင်သူသည်-

(က) သဘောရိုးဖြင့် အဖိုးစားနား သို့မဟုတ် ထိုက်သင့်သော တန်ဖိုးပေးပြီးတစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားကြောင်း သက်သေအထောက်အထားခိုင်လုံစွာ တင်ပြနိုင်ပါက ဥပဒေပါ ပြစ်မှုတစ်ရပ် ရပ်ဖြင့် အရေးယူခြင်းမှ ကင်းလွတ်ခွင့်ရရှိစေရမည့်အပြင် သိမ်းဆည်းခံရသော ငွေကြေးနှင့် ပစ္စည်းများကို နည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ (က)၊ (ခ) နှင့် (ဂ) တို့နှင့်အညီ ပြန်လည်ရထိုက်ခွင့်ရှိသည်။

(ခ) သဘောရိုးဖြင့် မဟုတ်ဘဲ အဖိုးစားနား သို့မဟုတ် ထိုက်သင့်သော တန်ဖိုးပေး၍ဖြစ်စေ၊ မပေးဘဲ ဖြစ်စေ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားကြောင်း ပေါ်ပေါက်လျှင်သော်လည်းကောင်း၊ သဘောရိုး ဖြင့် အဖိုးစားနား သို့မဟုတ် ထိုက်သင့်သော တန်ဖိုးပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားသည် ဟုမမှန်မကန်တင်ပြကြောင်း ပေါ်ပေါက်လျှင်သော်လည်းကောင်း ဥပဒေအရ အရေးယူခြင်းခံရမည်။

၆၂။ ကော်မရှင်သည် အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှု သို့မဟုတ် အဂတိလိုက်စားမှုဖြင့် ရရှိ သည့် ငွေကြေး၊ ပစ္စည်းများနှင့် စပ်လျဉ်း၍ သတင်းပေးသူ၏အမည်ကို လျှို့ဝှက်ထားရှိပြီး သတင်းပေး သူ၊ သက်သေ၊ ကျွမ်းကျင်သူများနှင့် နစ်နာသူတို့ကို လိုအပ်သည့် အကာအကွယ်ပေးရန် အစီအမံများ ပြု လုပ်ပေးရမည်။ ထို့ပြင် ပြစ်မှုအတိုင်းအတာပမာဏအပေါ် မူတည်၍ အစိုးရအဖွဲ့၏ သဘောတူညီချက် ဖြင့် အောက်ပါပုဂ္ဂိုလ်များအား ဆုငွေချီးမြှင့်နိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်သည်-

(က) အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှု သို့မဟုတ် အဂတိလိုက်စားမှုကို ကျူးလွန်ကြောင်း သတင်းပေးသူ၊

(ခ) ပြစ်မှုနှင့် အကျုံးဝင်သော ငွေကြေးနှင့် ပစ္စည်းများကို သိမ်းဆည်းနိုင်ရန်နှင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရန် ထူးခြား ပြောင်မြောက်စွာ စုံစမ်းထောက်လှမ်းသူနှင့် ရှာဖွေဖမ်းဆီးသူများ။

၆၃။ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အတွက် ရှာဖွေမိန့်ထုတ်ပေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ တရားစွဲဆိုတင်ပို့ခြင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းတို့နှင့် စပ်လျဉ်း၍ ဤနည်းဥပဒေများတွင် အတိအလင်း ပြဋ္ဌာန်းထားရှိခြင်း မရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၆၄။ မည်သူမျှ ဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ စုံစမ်းစစ်ဆေးခြင်း၊ လုပ်ငန်းဆောင် ရွက်ခြင်းများကို နှောင့်နှေးကြန့်ကြာစေရန်လည်းကောင်း၊ အဟန့်အတားဖြစ်စေရန်လည်းကောင်း နှောင့် ယှက်ခြင်း၊ တားဆီးခြင်း၊ တစ်နည်းနည်းဖြင့် ပြုမူဆောင်ရွက်ခြင်းမပြုရ၊ ပြုမူဆောင်ရွက်ပါက ဥပဒေ အရ အရေးယူခြင်းခံရမည်။

မြဝင်း

ဥက္ကဋ္ဌ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01-ပုံစံ (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဂတိလိုက်စားမှုဖြင့် ရရှိသည့် ငွေကြေး၊ ပစ္စည်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခွင့်၊ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်၊ ရှာဖွေခွင့် သိမ်းဆည်းခွင့်ပြုသည့် အမိန့် [နည်းဥပဒေ ၃ နည်းဥပဒေခွဲ (င)]

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02- ပုံစံ (၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအား ထုတ်ဆင့်သည့်အမိန့် [နည်းဥပဒေ ၃ နည်းဥပဒေခွဲ (စ)]

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03- ပုံစံ (၃) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ငွေကြေးနှင့် ပစ္စည်းများ သိမ်းဆည်းခြင်းပုံစံ [နည်းဥပဒေ ၇]

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04- ပုံစံ (၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ကတိခံဝန်ချုပ် [နည်းဥပဒေ ၃ နည်းဥပဒေခွဲ (ဆ)]

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05- ပုံစံ (၅) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် တားမြစ်မိန့် [နည်းဥပဒေ ၃ နည်းဥပဒေခွဲ (ဇ)]

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06- ပုံစံ (၆) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ငွေကြေးနှင့် ပစ္စည်းများပြန်လည်ပေးအပ်ခြင်းပုံစံ [နည်းဥပဒေ ၃ နည်းဥပဒေခွဲ ည (၂)]

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07- ပုံစံ (၇) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ကြေညာလွှာပေးပို့ခြင်း [နည်းဥပဒေ ၃၈]

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08- ပူးတွဲ - ၁

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09- ပူးတွဲ - ၂

[ ပူးတွဲဖော်ပြသော စာရင်း 10 ] 10- ပူးတွဲ - ၃

[ ပူးတွဲဖော်ပြသော စာရင်း 11 ] 11- ပူးတွဲ - ၄

[ ပူးတွဲဖော်ပြသော စာရင်း 12 ] 12- ပူးတွဲ - ၅

[ ပူးတွဲဖော်ပြသော စာရင်း 13 ] 13-ပူးတွဲ - ၆

[ ပူးတွဲဖော်ပြသော စာရင်း 14 ] 14- ပူးတွဲ - ၇ အထွေထွေမှတ်ချက်

Myanmar Law Information System (MLIS)